# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့မှ ၁၆ ရက်နေ့အထိ

**၁၄၆၉+**
သတ်ဖြတ်ခံရ

**၁၁၅၅၄+**
ဖမ်းဆီးခံခဲ့ရ

**၈၆၀၃+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၆၆+**
ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# အကျဉ်းချုပ်

မြန်မာ့အကြမ်းဖက်စစ်တပ်သည် ဆယ့်တစ်လတာ ကာလအတွင်း နိုင်ငံတကာ၏ အရေးယူဆောင်ရွက်ခြင်းမခံရဘဲ ပြည်သူအပေါ် ထိုးစစ်ဆင်စစ်ပွဲများကို ရပ်တန့်မှုမရှိ ဆက်လက်လုပ်ဆောင်နေသည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများသည် တိုက်ပွဲများကြား ပိတ်မိနေဆဲဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းတွင် ကရင်နှင့် ကယား(ကရင်နီ) ပြည်နယ်တို့တွင် ထိုးစစ်များ ပိုမိုဆိုးရွားလာသောကြောင့် ထွက်ပြေးတိမ်းရှောင်သူများ ထောင်နှင့်ချီရှိနေပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများ အလွန်လိုအပ်နေသည်။ မြန်မာနိုင်ငံအတွင်း အဓိက အကူအညီပေးရေးလမ်းကြောင်းများကို အကြမ်းဖက်စစ်တပ်မှ ပိတ်ဆို့ထားဆဲဖြစ်သည်။ အာဏာသိမ်းရန် ကြိုးပမ်းမှု စတင်ချိန်မှစ၍ ပထမဆုံး ခုခံတုံ့ပြန်သူများကို အကြမ်းဖက်စစ်အာဏာရှင်မှ ပစ်မှတ်ထားခဲ့ပြီး ရိက္ခာပေးပို့မှုများကို ကြားဖြတ်ဟန့်တားကာ ရိက္ခာများကိုပင် မီးရှို့ဖျက်ဆီးခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်းများသည် မြေပြင်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ရဲဝံ့စွာ ဆက်လက် မှတ်တမ်းတင်နေကြသည်။ အကြမ်းဖက်စစ်အာဏာရှင်များ ချိုးဖောက်ခဲ့သော ရာဇဝတ်မှုများအတွက် စုဆောင်းထားသော အထောက်အထားများသည် နိုင်ငံတကာ တရားစီရင်ရေး၏ အမြင့်ဆုံးအဆင့်တွင် ကျူးလွန်ခံရသူ ထောင်ပေါင်းများစွာအတွက် တရားမျှတမှု ရှိစေရန်အတွက် မရှိမဖြစ် လိုအပ်ပါသည်။ အရပ်သားများကို ပစ်မှတ် သို့မဟုတ် လူသားဒိုင်းအဖြစ် အသုံးပြု၍ မရပါ။ ၎င်းတို့အား ဘေးကင်းသော လမ်းကြောင်းများကို ပြေးခွင့်ပေးရမည် ဖြစ်ပြီး အကူအညီများကို ပိတ်ဆို့ခြင်း မပြုရပါ။ အခြေခံစံနှုန်းများနှင့် အရပ်သားပြည်သူတို့၏ အသက်ကို အကာအကွယ်ပေးခြင်းများကို လိုက်နာရန် ပျက်ကွက်သောကြောင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်စစ်အာဏာရှင်တွင် တာဝန်ရှိသည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန် လာရောက်လည်ပတ်ခဲ့သော်လည်း အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) သည် အကြမ်းဖက် စစ်အာဏာရှင်နှင့် မည်သို့ ဆက်ဆံရန် သဘောတူညီမှု မရရှိခဲ့ပေ။ အာဆီယံ၏ လက်ရှိဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားသည် ခရီးသွားလာရေး ကိစ္စများကို ကိုးကား၍ နိုင်ငံခြားရေး ဝန်ကြီးများနှင့် တွေ့ဆုံရန် ရွှေ့ဆိုင်းခဲ့သည်။ သို့သော်လည်း လေ့လာစောင့်ကြည့်သူများမှ သတိပြုမိသည်မှာ ၎င်းသည် တိုင်းပြည်အတွက် တစ်စုံတစ်ရာ အချက်ပြဖွယ်ရှိကြောင်းနှင့် စစ်အာဏာရှင်၏ ကိုယ်စားလှယ်မှန်သမျှကို ဖိတ်ခေါ်ခြင်းအပေါ် သဘောထားကွဲလွဲမှု အများအပြား ရှိနေသည်။

တိုင်းရင်းသားဒေသများတွင် စစ်အစိုးရတပ်များက လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်နေချိန်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် ကမ္ဘောဒီးယား ဝန်ကြီးချုပ်၏ ခရီးစဉ်ကို ရှုတ်ချသည့်သူများထဲတွင် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) ပါဝင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်နှင့် ၈ ရက်တို့တွင် "ဝန်ကြီးချုပ် ဟွန်ဆန်သည် မကောင်းသော အကြံဥာဏ်ဖြင့် မြန်မာစစ်အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံရန် နေပြည်တော်သို့ လာရောက်ခဲ့သည်ဟု" SAC-M မှ ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ မြန်မာပြည်သူများ၏ အသံကိုနုတ်ပိတ်၍မရနိုင်သကဲ့သို့ နှုတ်ဆိတ်နေမည်မဟုတ်ပါ။ နိုင်ငံတကာအသိုက်အဝန်းမှ မြန်မာပြည်သူတို့၏ အကာအကွယ်၊ ဘေးကင်းရေးနှင့် တရားမျှတမှုတို့အတွက် တောင်းဆိုချက်များကို တုံ့ပြန်ဆောင်ရွက်ရမည့်အချိန်ဖြစ်သည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ



## ကရင်ပြည်နယ်

ကရင်ပြည်နယ်ရှိကျေးလက်များတွင် အကြမ်းဖက်စစ်တပ်၏ လေကြောင်းနှင့် မြေပြင်တို့တွင် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပိုမို ဆိုးရွားလာကြောင့် ကရင်ဒေသခံ ပြည်သူများ ထွက်ပြေး တိမ်းရှောင် နေရသည်။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA ၊ တပ်မဟာ(၆)၏ ရင်းမြစ်များအရ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ မယ်တော်သလေးကျေးရွာရှိ နေ အိမ်များတွင်အကြမ်းဖက်စစ်တပ်မှ မြေမြှုပ်မိုင်းများ မြှုပ်ထားသည်ကို တွေ့ရှိရသည်ဟုလူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း HURFOM ၏သတင်းများအရ သိရှိရသည်။ “မြန်မာစစ်တပ်မှ နေအိမ်များ၊ အိမ်ခန်းများထဲနှင့် ခြံဝန်းများထဲတွင် ထောင်ထားသည့် မြေမြှုပ်မိုင်းများကို ကျွန်တော်တို့ တွေ့ရှိခဲ့တယ်။” မြေမြှုပ်မိုင်းကြောင့် စစ်ဘေးဒဏ်သင့် စစ်ဘေးရှောင်ဒုက္ခသည်များ တော်တော်များများ နေရပ်သို့ မပြန်နိုင်သေးပါ။ အကြမ်းဖက်စစ်တပ်မှ နေအိမ် ၆၅ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ နေအိမ်များ ပျက်ဆီးဆုံးရှုံးများနှင့် အကြမ်းဖက်စစ်တပ် မြှုပ်ထားသည့် မြေမြှုပ်မိုင်း အန္တရာယ်သည် နေရပ်ပြန်ရေးအတွက် စိန်ခေါ်မှုဖြစ်နေသည်။

“ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေ တံတားအမှတ် ၁ နှင့် တံတား အမှတ် ၅ နယ်စပ်ကြားတွင်ရှိသော ရွှေညောင်ပင်ကို အကြမ်းဖက်စစ်တပ်မှ ဇန်နဝါရီလ ၁၃ ရက်နေ့ မနက် ၁ နာရီတွင် တမင်တကာ လေကြောင်းဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု” ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက်မှ သတင်းထုတ်ပြန်ခဲ့သည်။ တိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

## ကယားပြည်နယ်

ကယား(ကရင်နီ)ပြည်နယ်တွင် ဆက်လက်ဖြစ်ပွားနေသော လေကြောင်းတိုက်ခိုက်မှုများကြောင့် မြို့တော် လွိုင်ကော်တွင် နေထိုင်သူ အများစု ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် လက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်တပ်တို့ကြား ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားပြီးနောက် အဆိုပါ တိုက်ခိုက်မှုများကို စတင်ခဲ့ခြင်းဖြစ်သည်။ ခုခံတော်လှန်ရေးသမားများ လက်နက်မချလျှင် အပြည့်အဝ ထိုးစစ်ဆင်မည်ဟု စစ်အာဏာရှင်များ ချိန်းခြောက်နေချိန် ရဟတ်ယာဉ်များ ပျံဝဲနေသည်ကို ကြားရသည့်အတွက်အရပ်သားများ ထွက်ပြေးရန် ဝေခွဲမရဖြစ်နေကြပြီးမြို့၏ အခြေအနေမှာ “လူသူကင်းမဲ့”နေသည့် အနေအထားဖြစ်နေသည်။ ထိုးစစ်ဆင် တိုက်ခိုက်မှုကြောင့် တပြည်နယ်လုံးရှိ လူဦးရေ ၁၅၀,၀၀၀ ကျော်သည် အိမ်နီးချင်း ရှမ်းပြည်နယ်သို့မဟုတ် နီးစပ်ရာ ကျေးရွာများသို့ ထွက်ပြေးခဲ့ရသည်။ လွိုင်ကော်မြို့ပေါ်တွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသောပြီး ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လေကြောင်းဖြင့် ထပ်မံဗုံးကြဲတိုက်ခိုက်ခံခဲ့ရသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) က ဆက်လက်ဖြစ်ပွားနေသော ထိုးစစ်များကြောင့် ထိခိုက်ခံစားရသည့် အရပ်သားများအား အကာအကွယ်ပေးရန် တောင်းဆိုထားသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအား မေတ္တာရပ်ခံချက်တွင် အရပ်သားတို့၏ နေအိမ်များ၊ ရွာများရှိ နေအိမ်အဆောက်အဦများမီး ရှို့ခြင်းဖြင့် အကြမ်းဖက်စစ်တပ်မှ တမင်တကာ ပစ်မှတ်ထားနေကြောင်း KNPP မှ ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့သည်။ လွိုင်ကော်မြို့ထဲတွင် ပြီးခဲ့သည့် သီတင်းပတ်တွင် အကြမ်းဖက်စစ်တပ်မှ လျှပ်စစ်နှင့် ရေကို ဖြတ်တောက်ခဲ့သည်။

## ရှမ်းပြည်နယ်

အကြမ်းဖက်စစ်တပ်နှင့် ဒေသခံခုခံတော်လှန်ရေးတိုက်ပွဲများတိုးလာသောကြောင့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းလောင်းမြို့နယ်တွင် လာရောက် ခိုလှုံကြသော စစ်ဘေးရှောင်များအတွက် အရေးပေါ်အကူအညီများလိုအပ်နေသည်။ ရှမ်းပြည်မြောက်ပိုင်းတွင်လည်း ကျေးရွာသား ၃၀၀ ကျော်ထွက်ပြေးတိမ်းရှောင်နေရပြီး အနွေးထည်နှင့် ဆေးဝါးများလိုအပ်လျက်ရှိသည်။ တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် နှင့်အကြမ်းဖက်စစ်တပ်ကြား တိုက်ပွဲများကြောင့် အကြမ်းဖက်စစ်တပ်မှစစ်သားငါးဦး ကျဆုံးခဲ့သည်။ ဇန်နဝါရီလ ၁၂ ရက်နေ့ ရှမ်းပြည်မြောက်ပိုင်း စခန်းသစ်မှ အကြမ်းဖက်စစ်တပ်သည် မန်းလွင်နှင့် ကောင်းဝိုင်ကျေးရွာများသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ လွန်ခဲ့သည့် ရက်သတ္တပတ်တွင်း နှစ်ဖွဲ့ကြား တိုက်ပွဲများလည်း ဖြစ်ပွားခဲ့သည်။ ထိုနေ့တွင်ပင် အကြမ်းဖက်စစ်တပ်မှ အမြောက်ဖြင့် ပစ်ခတ်မှုကြောင့် မိန်းကလေးငယ် ၂ ဦး သေဆုံးခဲ့သည်။

ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့နယ်တွင် တိုက်ပွဲများကြောင့် ဘုန်းကြီးကျောင်းတွင် လာရောက်ခိုလှုံကြသော စစ်ဘေးရှောင် (၃၀၀)အတွက် စားနပ်ရိက္ခာများ အရေးပေါ်လိုအပ်နေသည်။ ထွက်ပြေးတိမ်းရှောင်သည့် သူများထဲတွင် ကလေးသူငယ်နှင့် အမျိုးသမီးများစွာပါဝင်သည်။

*“ဆယ်စုနှစ် ၇ နှစ်စုကြာ တိုင်းပြည်ကို ဒုက္ခရောက်စေတဲ့ စစ်အာဏာရှင်ကို နောက်ဆုံး အမြစ်ပြတ်တိုက်ထုတ်မဲ့ပွဲလို့ လူထုတွေကမြင်တယ်။ နောင်လာနောက်သားတွေကို ကျွန်တော်တို့နဲ့ အရင်မျိုးဆက်တွေ ကြုံတွေ့ခဲ့ရတဲ့ အလားတူ ဆင်းရဲဒုက္ခကို မခံစားစေချင်ဘူး။ တိုင်းပြည်က အဲဒီစစ်အာဏာရှင်စနစ်ကနေ လုံးဝ လွတ်မြောက်သင့်တယ်။”*

ဒေါက်တာတေဇာဆန်း- (အသက် ၃၃ နှစ်အရွယ် ဆရာဝန်နှင့် စာကြည့်တိုက်မှူး)



*ဒေါက်တော တေဇာဆန်း ၂၀၂၁ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် မန္တလေး စစ်အာဏာရှင်ဆန့်ကျင်ရေး ဦးဆောင်ဆန္ဒပြခဲ့စဉ်။*
*Source: ဧရာဝတီ*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဇန်နဝါရီ ၁၀ ရက်နေ့

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စကားပြောစက် တရားမဝင် လက်ဝယ်တွေ့ရှိမှုဖြင့် ထောင်ဒဏ် ၄ နှစ် ပြစ်ဒဏ် ထပ်မံ ချမှတ်ခဲ့သည်။

## ဇန်နဝါရီ ၁၁ ရက်နေ့

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် အာဏာသိမ်း စစ်ခေါင်းဆောင် မင်းအောင်လှိုင်တို့ တွေ့ဆုံမှုသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်တို့အကြား အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးမှ မှားယွင်းစွာ ထင်မှတ်နေသည်။

## ဇန်နဝါရီ ၁၂ ရက်နေ့

စစ်အာဏာရှင် လက်ထက်တွင် အခွန်ငွေသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းသွားပြီး ဝင်ငွေ ၃၅ ရာခိုင်နှုန်း သုံးပုံတစ်ပုံကျော် ကျဆင်းသွားသည်။ အရပ်သားများ၏ အဓိက ခုခံမှုပုံစံများထဲမှ တစ်ခုမှာ လူသတ်စစ်ကောင်စီအား လျှပ်စစ်မီးဘေလ် မဆောင်ခြင်းဖြစ်သည်။

## ဇန်နဝါရီ ၁၃ ရက်နေ့

ကမ္ဘာတစ်ဝှမ်းရှိ ကရင်တိုင်းရင်းသား အသိုက်အဝန်းများမှ အကြမ်းဖက်စစ်တပ်၏ ဓာတ်ငွေ့ မှရရှိသော ဝင်ငွေ များကို ပိတ်ဆို့အရေးယူရန် သမ္မတ ဘိုင်ဒင်နှင့် သမ္မတ မက်ခရွန်တို့အား တောင်းဆိုခဲ့သည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဇန်နဝါရီ ၁၄ ရက်နေ့

ဖလူးလေးကျေးရွာအနီးရှိ ဒီမိုက ရေစီအကျိုးပြု ကရင့်တပ်မတော် ( DKBA) စခန်းကို အကြမ်းဖက်စစ်တပ်မှ လေကြောင်းဖြင့် တိုက်ခိုက်မှုကြောင့် အရပ်သား ၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့များမှ ထုတ်ပြန်ခဲ့သည်။

## ဇန်နဝါရီ ၁၅ ရက်နေ့

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟွန်ဆန် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ပြီး ရက်ပိုင်းအတွင်း အာဆီယံအဖွဲ့ဝင်အချို့ မှ အစည်းအဝေးတက်ရောက်ရန် အဆင်မပြေမှုနှင့် 'အခက်အခဲများ' ကြောင့် ကမ္ဘောဒီးယားအစိုးရမှ စီစဉ်ထားသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဖျက်သိမ်းရန် ကြေညာခဲ့သည်။

## ဇန်နဝါရီ ၁၆ ရက်နေ့

လည်ပင်းနှင့် ခန္ဓာကိုယ်များတွင် ဓားဖြင့်လှီးကာ၊ ထိုးသွင်းဒဏ်ရာများဖြင့် အလွန်အကျွံ ညှဉ်းပန်းနှိပ်စက်ထားသောဒဏ်ရာများဖြင့် တွေ့ရှိခဲ့ရသော အရပ်သား ၁၀ ဦး၏ ရုပ်အလောင်းအား သတ်ဖြတ်ခဲ့မှုတွင် တာဝန်ရှိသော အကြမ်းဖက် အရာရှိကို ချင်းလူ့အခွင့်အရေးအဖွဲ့ CHRO မှ ထုတ်ဖော်ခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma